**တစ်နှစ်အကြာတွင် – ဒုက္ခသည်ခေါင်းဆောင်မှုကို အသိအမှတ်ပြုခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုပိုမို ပြုလုပ် သင့်သည်-ပူးတွဲကြေညာချက်**

**၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်**

၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ထိုင်း-မြန်မာနယ်စပ်တစ်လျှောက်ရှိ ဒုက္ခသည်စခန်း ကိုးခုတွင် နေထိုင်ကြ သော ဒုက္ခသည်များသည် စခန်းအပြင်သို့ ထွက်၍ တရားဝင် အလုပ်လုပ်ကိုင်ခွင့် ရရှိခဲ့ကြသည်။ တစ်နှစ်အကြာတွင် ယင်း သည် အလွန်အရေးပါသော တိုးတက်မှုတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ပြီး ဒုက္ခသည် ၆,၈၀၀ ကျော်သည် စခန်းမှ ထွက်ခွာ၍ အလုပ်အကိုင်များ ရရှိထားကြပြီး၊ နေ့စဉ်နှင့်အမျှ အလုပ်အကိုင်ရယူရန် ထွက်ခွာနေသူများ ပိုမိုများ ပြား လာ လျက်ရှိ သည်။ ၎င်းတို့သည် မိသားစုထံ ငွေပို့ပေးနိုင်ကာ မိသားစုများအနေဖြင့် မိမိတို့၏ လိုအပ်ချက်များကို ကိုယ်တိုင်ဖြည့်ဆည်းနိုင်ပြီး မိမိအားကိုးမှု ပိုမိုရရှိလာစေရန် အထောက်အကူပြုလျက်ရှိသည်။ ဤ အကူးအပြောင်း လုပ် ငန်းစဉ်သည် စတင်လည်ပတ်နေပြီဖြစ်ပြီး၊ ဒုက္ခသည်ကော်မတီများ၏ အပြည့် အဝထောက်ခံမှုကို ရရှိထားသည်။ ၎င်းတို့က ဤလုပ်ငန်းစဉ်ကို မိမိတို့၏ လူမှုအသိုင်းအဝိုင်း များအတွက် မိမိအားကိုးနိုင်မှုဆီသို့ ဦးတည်သော လမ်းကြောင်း တစ်ခုအဖြစ် ရှုမြင်ကြသည်။

ဒုက္ခသည်များ၏ အားသာချက်များနှင့် လိုအပ်ချက်များကို ဒုက္ခသည်များကိုယ်တိုင်ထက် ပိုမို နား လည်သူ မရှိပါ။ လွန်ခဲ့ သော တစ်နှစ်တာ ကာလအတွင်း ဒုက္ခသည်များဦးဆောင်သော အုပ်ချုပ်မှု စနစ်၏ စွမ်းဆောင်ရည်ကို ထင်ရှားစွာ တွေ့ မြင်ခဲ့ရသည်။ ကော်မတီဝင်များသည် စိုက်ခင်းများ၊ ကုမ္ပဏီများနှင့် အလုပ်ခွင်များသို့ သွားရောက်ကာ အလုပ်အကိုင် အခွင့်အလမ်းများ ရှာဖွေခြင်းနှင့် အလုပ်ရှင်များနှင့် တိုက်ရိုက်တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထို့အ ပြင် ထိုင်းအာ ဏာပိုင်များ၊ ကျေးရွာခေါင်းဆောင်များနှင့် အလုပ်ရှင်များနှင့် ပူးပေါင်းကာ လုံခြုံစိတ်ချရသော ခရီးသွားလာ မှုကို စီစဉ်ပေးခြင်း၊ အငြင်းပွားမှုများကို ဖြေရှင်းပေးခြင်းနှင့် စခန်းမှထွက်၍ အလုပ်လုပ် ကိုင်နေသော ဒုက္ခသည်များကို စောင့်ကြည့်ထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ ယခု အခါ စခန်းတိုင်းတွင် တိုင်ကြားချက်လက်ခံခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း စနစ်များ ရှိနေပြီဖြစ်ပြီး၊ အလုပ်ထွက်လုပ်မည့်သူများအတွက် သင်တန်းများကိုလည်း ကော်မတီ များကိုယ်တိုင် သင်တန်းပို့ချ သူများကို ရွေးချယ်ကာ စီစဉ်ပေးလျက်ရှိသည်။ ထို့အပြင် စခန်းပြင်ပတွင် အလုပ်လုပ်ကိုင် သော ဒုက္ခသည်များကို ကာကွယ်ရန် စည်းမျဉ်းစည်းကမ်းများနှင့် စာချုပ်များကိုလည်း ရေးဆွဲနေကြပြီး၊ အထူးသဖြင့် အ မျိုးသမီးများအတွက်ပါ အလုပ်အကိုင်အခွင့်အလမ်းများကို တက်ကြွစွာ မြှင့်တင်ပေး လျက်ရှိသည်။

ဤတိုးတက်မှုများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဘဏ္ဍာငွေများ အကြီးအကျယ် လျော့နည်းလာသော အခြေအနေအောက်တွင် ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထိုသို့သော ငွေကြေး လျော့နည်းမှုများကြားမှ ဒုက္ခသည်ကော် မ တီများသည် ယခင်က ၎င်းတို့အတွက် ဆောင်ရွက်ပေး ခဲ့သော လုပ်ငန်းများစွာကို ကိုယ်တိုင်တာဝန်ယူ ဆောင်ရွက်လာကြ သည်။ အမှိုက်စီမံခန့်ခွဲမှု၊ သန့်ရှင်း ရေး၊ ကျန်းမာရေးဝန်ဆောင်မှုများနှင့် အခြားလုပ်ငန်းများစွာအပါအဝင် နေ့စဉ် လူမှု အသိုင်းအဝိုင်း များကို ဆက်လက်စောင့်ရှောက်ပေးလျက်ရှိသည်။ ထို့ပြင် အလုပ်လုပ်ကိုင်ခွင့်နှင့်ပတ်သက်သော သတင်း အချက်အလက်များ မျှဝေသည့် ဆွေးနွေးပွဲများ၊ ကျား-မ အခြေပြုအကြမ်းဖက်မှု၊ ကလေး သူငယ်လုံခြုံရေးနှင့် မူးယစ် ဆေးဝါးအသုံးပြုမှုဆိုင်ရာ အသိပညာမြှင့်တင်ရေး လုပ်ငန်းများ၊ လူငယ် နှင့် အားကစားလှုပ်ရှားမှုများကိုလည်း ဆက် လက်ဆောင်ရွက်လျက်ရှိသည်။ ဒုက္ခသည်များဦးဆောင် သော အုပ်ချုပ်မှုစနစ်သည် စခန်းအတွင်းသာမက ပတ်ဝန်း ကျင် ရှိလူမှုအသိုင်းအဝိုင်းများအတွက်ပါ တန်ဖိုးရှိသော အရင်းအမြစ်တစ်ခုဖြစ်သည်။

သို့ရာတွင် အခက်အခဲများ ဆက်လက်ရှိနေဆဲဖြစ်သည်။ ဒုက္ခသည်အားလုံးသည် အလုပ်လုပ်ကိုင်ခွင့် ရရှိကြသည် မဟုတ် သကဲ့သို့ အသက်ကြီးသူများနှင့် မသန်စွမ်းဒုက္ခသည်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများမှာ ပိုမိုနည်းပါးလျက် ရှိသည်။ ဒုက္ခသည်ကော်မတီများသည် အလုပ်လုပ်နိုင်ပြီး အ လုပ်လုပ်လိုသူတိုင်းအတွက် အခွင့်အလမ်းများ ပိုမိုရရှိစေရန် ဆောင်ရွက်လျက်ရှိသည်။ ဒုက္ခသည် များကို စျေးပေါသော လုပ်သားအင်အားတစ်ရပ်အဖြစ်သာ မြင်နေကြသူများလည်း ရှိနေဆဲဖြစ်သော် လည်း အမှန်တကယ်တွင် ၎င်းတို့တွင် စီမံခန့်ခွဲမှု၊ ကျန်းမာရေး၊ ပညာရေးနှင့် အခြားကဏ္ဍများစွာတွင် ကျွမ်းကျင်မှုများ ရှိကြသည်။ ထိုစွမ်းရည်များကို အပြည့်အဝအသိအမှတ်ပြုနိုင်ရန်မှာ အလုပ်ရှင်များ နှင့် လူသားချင်း စာနာထောက်ထားမှု အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ရမည့် စိန်ခေါ်မှု တစ်ရပ်ဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုင်းတော်ဝင်အစိုးရ၏ သက်ဆိုင်ရာဌာနများနှင့် အနီးကပ် ပူး ပေါင်း ၍ အဆိုပါ အခက်အခဲများကို ဖြေရှင်းရန်၊ ပူးပေါင်း ဆောင်ရွက်မှုများကို အားကောင်းစေရန်နှင့် ဒုက္ခသည်များ၏ အလုပ်အကိုင်ရရှိမှုကို လုံခြုံမှုတ၍ ရေရှည်တည်တံ့သော အကူးအပြောင်း လုပ် ငန်း စဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်စေရန် ကြိုးပမ်းလျက်ရှိသည်။ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ဘဏ္ဍာငွေများ ပိုမိုမသေချာလာသည်နှင့်အမျှ အလုပ်အကိုင်ရရှိမှုသည် ဒုက္ခသည်များ၏ လွတ်လပ်မှုနှင့် မိမိအား ကိုးမှုအတွက်

ပိုမိုအရေးပါလာလျက်ရှိသည်။ ထို့ကြောင့် ကျန်ရှိနေသေးသော ဘဏ္ဍာငွေများကို ဒုက္ခသည်ကော်မတီ များနှင့် အနီးကပ်ညှိနှိုင်းကာ ထိရောက်စွာ အသုံးပြု၍ ဒုက္ခ သည်များ၏ ကျွမ်းကျင်မှုများနှင့် လိုအပ်ချက်များနှင့် ကိုက်ညီ စေရန် လိုအပ်သည်။

စခန်းကော်မတီများသည် တာဝန်ဝတ္တရားများ ပိုမိုများပြားလာသည်ကို ကျွမ်းကျင်မှု၊ မှန်ကန်သော ဆုံးဖြတ်နိုင်စွမ်းနှင့် ဒေသဆိုင်ရာ အတွေ့အကြုံများဖြင့် ဆောင်ရွက်နိုင်ကြောင်း သက်သေပြခဲ့ပြီး ဖြစ်သည်။ ဤစွမ်းဆောင်ရည်များကို ထိခိုက်ပင်ပန်းမသွားဘဲ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ် သည့်အရာမှာ သင့်လျော်သော ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။ အထူးသဖြင့် စခန်းစီမံခန့်ခွဲရေးဝန်ထမ်း များ၏ တာဝန်ဝတ္တရားများနှင့် ကိုက်ညီသော ထောက်ပံ့ကြေးများနှင့် ကော်မ တီများအနေဖြင့် ရေရှည် အစီအစဉ်များကို ယုံကြည်မှုရှိစွာ စီမံနိုင်ရန် နှစ်ရှည် အုပ်ချုပ်မှုဆိုင်ရာ ဘဏ္ဍာရေး ထောက်ပံ့ မှုများ လိုအပ်သည်။

ဒုက္ခသည်များ တောင်းဆိုနေသည့်အရာမှာ စားနပ်ရိက္ခာအကူအညီများသို့ ပြန်လည်မှီခိုရန် မဟုတ်ဘဲ မိမိအားကိုးနိုင်သည့် ဘဝသို့ ကူးပြောင်းနိုင်ရန် အထောက်အပံ့ရရှိလိုခြင်းဖြစ်သည်။ ဒုက္ခသည်များကို အဆိုပါ အကူးအပြောင်းလုပ်ငန်းစဉ်ကို ပုံဖော်ရာတွင် စစ်မှန်သော မိတ်ဖက်များအဖြစ် သဘောထား ရမည်ဖြစ်ပြီး ဆုံးဖြတ်ချက်များချမှတ်သည့် အစောပိုင်းအ ဆင့်များမှ ပါဝင်ခွင့်ပေးရမည်၊ အကူးအ ပြောင်းဆိုင်ရာ ဘဏ္ဍာငွေများကို မည်သို့စီမံအသုံးပြုမည်နှင့်ပတ်သက်၍ တိုင် ပင်ဆွေးနွေးရမည်ဖြစ်ပြီး ၎င်းတို့ကို ကျွမ်းကျင်မှုရှိသော၊ စွမ်းဆောင်ရည်ရှိသော၊ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ အခန်း ကဏ္ဍရှိသူများအဖြစ် အသိအမှတ်ပြုရမည်ဖြစ်သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများသည် ဒုက္ခသည်များဦးဆောင်သော အုပ်ချုပ်မှုစနစ်ကို အကူးအပြောင်းလုပ်ငန်းစဉ် ၏ အခြေခံအဆောက်အအုံတစ်ရပ်အဖြစ် ရင်းနှီးမြှုပ်နှံခြင်း၊ အကူအညီများကို ထပ်တလဲလဲမဖြစ် စေဘဲ လူမှုအသိုင်းအဝိုင်းများထံ ထိရောက်စွာ ရောက်ရှိစေရန် ညှိနှိုင်းပေးခြင်းနှင့် သတင်းအချက် အလက်များကို တက်ကြွစွာ၊ စဉ်ဆက်မပြတ် မျှဝေသည့် မိတ်ဖက်ဆက်ဆံရေးများ တည်ဆောက် ခြင်းတို့မှတစ်ဆင့် အရေးပါသော အခန်းကဏ္ဍကို ဆောင်ရွက်နိုင်သည်။ ဒုက္ခသည်များနှင့် ပတ်သက်သည့် မည်သည့်အရာမဆို ဒုက္ခသည်များ မပါဝင်ဘဲ မဖြစ်သင့်ပါ။

The Border Consortium (TBC)၊ ကရင်ဒုက္ခသည်များကော်မတီ (Karen Refugee Committee - KRC) နှင့် ကရင်နီဒုက္ခသည်များကော်မတီ (Karenni Refugee Committee - KnRC)